

# “ သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး ”



## သွေးလွန်တုပ်ကွေးရောဂါသည်

ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသောရောဂါဖြစ်သည်။

ရောဂါပိုးကူးစက်ခံထားရသောခြင်ကျားအကိုက်ခံရခြင်းကြောင့် ကူးစက်သည်။



## ပြင်းထန်ရောဂါလက္ခဏာများ

၁။ ဂနာမငြိမ်ဖြစ်ခြင်း (သို့) အလွန်မှိန်းလာခြင်း

၂။ ခြေဖျားလက်ဖျားများ အလွန်အမင်းအေးစက်ခြင်း

၃။ ရုတ်တရက်ဗိုက်အောင့်လာခြင်း

၄။ ကော်ဖီအနှစ်ရောင်အန်ခြင်း

၅။ နှာခေါင်းသွေးလျှံခြင်း


၆။ ကတ္တရာစေးကဲ့သို့ ဝမ်းမည်းမည်းသွားခြင်း

**အထက်ပါလက္ခဏာများအနက် <u>တစ်ခုခု</u> ဖြစ်ပွားလာပါကနီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူပါ။**


## ခြင်မကိုက်အောင်ကာကွယ်ပါ




- အင်္ကျီ လက်ရှည်၊ ဘောင်းဘီရှည်များဝတ်ဆင်ပါ။
- မည်သည့်အချိန်၊ မည်သည့် နေရာတွင်မဆို ခြင်ထောင်ဖြင့်အိပ်ပါ။ (ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။)
- ခြင်မကိုက်လိမ်းဆေးကို အသုံးပြုပါ။



## ပိုးလောက်လန်းနှိမ်နင်းပါ



- ရေစည်ရေအိုးများကို ဖုံးအုပ်ထားပါ။
- ညောင်ရေအိုး၊ ပန်းအိုးများ၏ အတွင်းပိုင်းကို နေ့စဉ်ဆေးကြော၍ ရေလဲပါ။



- ရေတင်ကျန်နိုင်သည့် စွန့်ပစ် ပစ္စည်း အားလုံးကို စနစ်တကျစွန့်ပစ်ပါ။



- အုတ်ကန်၊ ရေစည်၊ ရေကန်များတွင် ပိုးလောက်လန်းစားငါး(ဒေါင်းငါး၊ ငါးထိပ်ကွက် စသည်) ထည့်ပါ။ (သို့)အဘိတ်ဆေးခတ်ပါ။

**မိမိတို့အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်းတွင် ပိုးလောက်လန်းကင်းစင်အောင် နှိမ်နင်းကြပါစို့။**


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးစီမံချက်တို့ ပူးပေါင်းပြုစုသည်။
(မေလ၊ ၂၀၁၉)